ソシエタス総合研究所
Societas Research Institute

နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးဝန်ထမ်းများသို့

တွေ့ရတာဝမ်းသားပါတယ်။ကျွန်မအမည် Etsuko Sakairi လို့ခေါ်ပါတယ်။Okayama ပြည်နယ်ရှိ Hashimoto Foundationသြတေသနဌာနတွင်သုတေသီအဖြစ်လုပ်ကိုင်နေပါတယ်။ဒီတစ်ခေါက်တော့သုတေသနတွင်ပ်ဝင်ပေးလို့ဒီစာကိုရေးလိုက်ပါတယ်။ပထမအပိုင်းတွင်နိုင်ငံခြားသားပြုစုရေးလုပ်သားဖြစ်သောသင်ကOkayamaပြည်နယ်သို့ပြောင်းလာပြီးနေထိုင်ရာတွင်မည်သို့သောအတွေ့အကြုံများကြုံခဲ့သည်ကိုမေးပြီးသင်ဖြစ်စေလိုသောဒေသတွင်းနှီးနှောဖလှယ်မှုများကိုရှာဖွေမည်။

ဒုတိယအပိုင်းတွင်နိုင်ငံခြားသားပြုစုစောင့်ရှောက်အလုပ်သမားဖြစ်သူသင်ကOkayamaပြည်နယ်၏ပြုစုစောင့်ရှောက်ရေးနယ်ပယ်တွင်အလုပ်လုပ်ပြီးတွေ့ကြုံရသောအတွေ့ပကြုံနှင့်မည်သို့သောစိန်ခေါ်မှုအခက်အခဲများရှိနေသည်ကိုသိရှိလိုသည်။。
နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးလုပ်သားများပြဿနာသည်ကျွန်မအတွက်ကျွမ်းကျင်သူအနေဖြင့်သာမကပုဂ္ဂိုလ်ရေးအရလည်းအရေးပါသည်။ကျွန်မသည်ဂျပန်နိုင်ငံတွင်နေထိုင်ရေးထောက်ပံ့မှုနှင့်ပြုစုစောင့်ရှောက်ရေးလုပ်သားလက်မှတ်ကိုကိုင်ဆောင်ထားပြီးဂျပန်နိုင်ငံဆေးနှင့်ပြုစုစောင့်ရှောက်ရေးစင်တာတွင်အလုပ်လုပ်ပြီးပြုစုစောင့်ရှောက်ရေးပညာကိုသင်ကြားရန်အမေရိကသို့သွားရောက်ခဲ့ပါသည်။.အမေရိကတွင်မသန်စွမ်းသူများကိုယ်တိုင်ရပ်တည်နိုင်ရန်ထောက်ပံ့သောစင်တာ၊နယူးယောက်ရှိဂျပန်လူမျိုးစောင့်ရှောင့်ရေးNPOတွင်လည်းအလုပ်လုပ်ဖူးသည်။.ကျွန်မကိုယ်တိုင်လည်းရွှေ့ပြောင်းနေထိုင်ရာတွင်ဘာသာစကားနှင့်ယဉ်ကျေးမှုကွာခြားမှုများကြောင့်စိတ်ရှုပ်ထွေးစွာအမေရိကတွင်နေထိုင်ခဲ့ပြီးပြုစုစောင့်ရှောက်ရေးအလုပ်လည်းလုပ်ဖူးသောကြောင့်ဤအတွေ့အကြုံကိုအသုံးချပြီးနိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးအလုပ်သမားအားလုံးနှင့်ကျွန်မနိုင်ငံဖြစ်သောဂျပန်နိုင်ငံ၏နိုင်ငံခြားသားပြုစုစောင့်ရှောက်လုပ်သားလက်ခံသူနှစ်ဖက်စလုံးသို့အကျိုးပြုနိုင်သည့်အရာကဘာလဲဆိုတာကိုစဉ်းစားပြီးဤသြတေသနကိုပြုလုပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။.နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးလုပ်သားများကိုဒေသတွင်းသို့လက်ခံသူများတွင်ယဉ်ကျေးမှုနှင့်ဘာသာစကားမတူခြင်းကြောင့်စိတ်ရှုပ်ထွေးရခြင်းများ၊မည်သို့လက်ခံရမည်ကိုနားမလည်သူများလည်းရှိနိုင်သည်။.တစ်ချိန်တည်းတွင်နိုင်ငံခြားသားပြုစုစောင့်ရှောက်သူများဂျပန်နိုင်ငံတွင်ကူညီမှုများကိုမည်သို့တောင်းခံရမည်ကိုမသိပဲအခက်တွေ့နေသူများလည်းရှိနိုင်သည်။နိုင်ငံခြားသားပြုစုစောင့်ရှောက်သူနှင့်၄င်းတို့ကိုလက်ခံထားသောအဖွဲ့အစည်းရှိသူများ၏ထင်မြင်ချက်များနှင့်အတွေ့အကြုံများကိုမေးမြန်းခြင်းဖြင့်Okayamaပြည်နယ်၏နိုင်ငံခြားသားပြုစုစောင့်ရေးဝန်ထမ်းလက်ခံရာတွင်သက်ဆိုင်သူများကမည်သည်ကိုပြုလုပ်သင့်သည်ကိုနားလည်ရန်သဲလွန်စများဖြစ်နိုင်သည်။
ဤသုတေသနသည်၂၀၂၃ခုနှစ်၉လပိုင်းမှ၂၀၂၄ခုနှစ်၆လပိုင်းအထိပြုလုပ်မည်။အင်တာဗျူးသို့ပါဝင်ရန်တောင်းဆိုပါသည်။
လူတွေ့သို့မဟုတ်ZOOMအဆင်ပြေသည့်နည်းကိုရွေးပါ။ပထမပိုင်း၊ဒုတိယပိုင်းတစ်ခုခုသာပါဝင်လည်းကိစ္စမရှိပါ။

အသေးစိတ်ကိုစာတွဲပါဝင်သူရှင်းပြစာတွင်ကြည့်ပါ။ပါဝင်သူရှင်းပြစာကိုသေချာဖတ်ပြီးသုတေသနကိုစိတ်ဝင်စားပါကသုတေသီဖြစ်သောကျွန်မထံဆက်သွယ်ပါ။. မေးခွန်းများရှိပါကအကြောင်းကြားမည်ဆိုလျှင်တိုက်ရိုက်ဖြေကြားမည်။


E -mail: esakairi@hashimotozaidan.or.jp

Phone number 086-201-7157


ဖတ်ရှုပေးလို့ကျေးဇူးတင်ပါသည်။အကြောင်းခြင်းကိုစောင့်နေပါတယ်နော်။

Etsuko SAKAIRI

ဤသုတေသနသည် Hashimoto Foundation သုတေသနဌာနကော်မတီမှအသိအမှတ်ပြုခံရပြီး(၃၀-၈-၂၀၂၃)မှစ(၅)နှစ်သက်တမ်းရှိသည်။ကြည့်ရန်အမှတ်-၂၃၀၁

Societas
Research Institute

**ပါဝင်သူရှင်းပြစာ**

**Group(1)ပါဝင်သူ :   နိုင်ငံခြားသားပြုစုစောင့်ရှောက်လုပ်သား**

<u>သုတေသနခေါင်းစဉ်။ ။Okayamaပြည်နယ်ရှိနိုင်ငံခြားသားပြုစု
စောင့်ရှောက်ရေးလုပ်သားများနှင့်၄င်းတို့၏နေထိုင်ရာပတ်ဝန်းကျင်အတွေ့အကြုံနှင့်စိန်ခေါ်မှုများကိုရှာဖွေမည်။</u>

**သုတေသီ။** ။ Etsuko Sakairi

တွေ့ရတာဝမ်းသာပါတယ်။ကျွန်မနာမည် Etsuko Sakairiပါ။Hashimoto Foundation
သုတေသနဌာနမှာသုတေသီအဖြစ်လုပ်ကိုင်နေပါတယ်။.လက်ရှိတွင်နိုင်ငံခြားသားပြုစုစောင့်ရှောက်သူများ၊၄င်းတို့နှင့်အတူအလုပ်လုပ်သောဂျပန်ပြုစုစောင့်ရှောက်ဝန်ထမ်းများ၊နိုင်ငံခြားသားပြုစုစောင့်ရှောက်ဝန်ထမ်း၏ပြုစုမှုကိုခံယူသူများစသည့်မတူညီသောနေရာမှသူများကိုစစ်တမ်းကောက်ခြင်းကိုအသုံးပြုပြီးOkayamaပြည်နယ်မှာရှိသောနိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးဝန်ထမ်းများကမည်သို့သောအတွေ့ကြုံများကိုတွေ့ကြုံပြီးမည်သို့သောစိန်ခေါ်မှုများရှိသည်ကိုရှာဖွေသည့်သုတေသနကိုပြုလုပ်နေပါတယ်။.ဤသုတေသန၏တွေ့ရှိချက်များကိုပြည်တွင်းပြည်ပရှိညီလာခံအစည်းအဝေးများ၊ဟောပြောပွဲများ၊တက္ကသိုလ်အတန်း၊နည်းဥပဒေသတ်မှတ်ရန်ထင်မြင်စာစသည်တို့တွင်ဟောပြောမည်ဖြစ်ပြီးနောက်ဆုံးတွင်Okayamaပြည်နယ်ရှိနိုင်ငံခြားပြုစုစောင့်ရှောက်လုပ်သားလက်ခံခြင်းနယ်ပယ်တွင်အကြိုးပြုနိုင်ရန်ရည်ရွယ်သည်။.ဤသုတေသနတွင်နိုင်ငံခြားသားပြုစုစောင့်ရှောက်လုပ်သားဖြစ်သောသင့်ထံမှဒေသတွင်းနေထိုင်ရာရှိစိန်ခေါ်မှုအခက်အခဲများနှင့်သင်ဖြစ်စေလိုသောဒေသတွင်းနှီးနှောဖလှယ်ခြင်းစသည်တို့ကိုကြားနာလိုပါတယ်။

**သုတေသန၏ရည်ရွယ်ချက်** :

Okayamaပြည်နယ်အတွင်းရှိနိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးလုပ်သားများ၊၄င်းတို့နှင့်အတူအလုပ်လုပ်သောဂျပန်ပြုစုစောင့်ရှောက်သူများ၊နိုင်ငံခြားသားပြုစုစောက်ရှောင့်သူများ၏ပြုစုမှုကိုခံယူသူများကိုမေးမြန်းပြီးစစ်တမ်းကောင်ကာအသီးသီးသောနေရာမှစဉ်းစားသည့်နိုင်ငံခြားသားပြုစုစောင့်ရှောက်သူများကိုဒေသတွင်းသို့လက်ခံရာတွင်ကြုံတွေ့ရသောအခက်အခဲစိန်ခေါ်မှုများနှင့်အသီးသီးကဆန္ဒရှိသောဒေသတွင်းနှီးနှောဖလှယ်ခြင်းများကိုနားလည်ခြင်း။

**သုတေသနတွင်ပါဝင်နိုင်သည့်အခြေအနေ** : ၀
Group(1)နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးလုပ်သား၏ပါဝင်နိုင်သောအခြေအနေမှာOkayamaပြည်နယ်တွင်နေထိုင်နေပြီးOkayamaပြည်နယ်၏ပြုစုစောင့်ရှောက်ရေးစင်တာတွင်(၁)နှစ်အထက်လုပ်ဖူးသောနိုင်ငံခြားသားဖြစ်သည်။ဤသုတေသနသို့ပါဝင်ခြင်းရှိမရှိမှာလွတ်လပ်စွာရွေးချယ်နိုင်ပြီး၊မပါဝင်သောကြောင့်သင်အကျိုးယုတ်ခြင်းမရှိပါ။

**ကိုယ်စားလှယ်ရွေးချယ်နည်း** :

သင်အပါအဝင်ကိုယ်စားလှယ်ရွေးချယ်ခြင်းသည် Keiyukai နှင့်Hashimoto Foundation
သုတေသနဌာနကိုအစပြုပြီးနိုင်ငံခြားသားကိုလက်ခံထားသောပြုစုစောင့်ရှောက်ရေးစင်တာ၊သို့မဟုတ်၄င်းနှင့်ဆက်နွယ်သောသူများသို့အကြောင်းကြားကာဖိတ်ခေါ်မည်။.ထို့နောက်ပါဝင်ပေးသူများသို့ကျွန်မကတိုက်ရိုက်သို့မဟုတ်သက်ဆိုင်သူမှသြတေသနအကြောင်းအရာရှင်းလင်းချက်ကိုပို့ကာပြုလုပ်မည်။သုတေသနရှင်းပြချက်ကိုကြည့်ပြီးအကြောင်းကြားပေးသောသင့်ထံသို့ဤရှင်းပြစာနှင့်ပါဝင်ရန်သဘောတူညီစာကိုပေးပို့မည်။.
အကယ်၍ဤသုတေသနနှင့်စပ်လျှဉ်း၍မရှင်းလင်းသည်များရှိပါကသုတေသနပြုလုပ်သူဖြစ်သောကျွန်မထံအကြောင်းကြားပါ။(အကြောင်းကြားရန်ကိုဤစာအဆုံးတွင်ဖော်ပြထားသည်). အင်တာဗျူးစစ်တမ်းမှာမိနစ်(၆၀)-

(၉၀)ခန့်ပြုလုပ်မည်။လူတွေ့သို့မဟုတ်ZOOM meeting
ဖြင့်ပြုလုပ်နိုင်သည်။(အသေးစိတ်ကိုဆက်သွယ်ရေးနည်းလမ်းတွင်ကြည့်ပါ).ဆန္ဒရှိလျှင်စကားပြန်ကိုပြင်ဆင်ပေးမည်။အကယ်၍အင်တာဗျူးတွင်ပါဝင်မည်ဆိုလျှင်သဘောတူစာတွင်လက်မှတ်ထိုးခြင်းသို့မဟုတ်နှုတ်ထွက်သဘောတူညီချက်ပြောရမည်(အသံသွင်းမည်).

**သုတေသနပြုလုပ်နည်းအဆင့်ဆင့်** :
အင်တာဗျူးအဆင့်ဆင့်
-မိမိကိုယ်ကိုမိတ်ဆက်ခြင်း။
-အင်တာဗျူးရှင်းလင်းခြင်း(ကိုယ်ရေးအချက်အလက်ထိမ်းသိမ်းခြင်းဆိုင်ရာအချက်များ)။
-သဘောတူစာတွင်လက်မှတ်ထိုး။
-အင်တာဗျူးစတင်။

**ပါဝင်မှုပုံစံ** :
အင်တာဗျူးတွင်နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးလုပ်သားဖြစ်သောသင့်နေရာမှစဉ်းစားသောနေထိုင်ရာဒေသတွင်းရှိအခက်အခဲစိန်ခေါ်မှုများနှင့်သင်ဖြစ်စေလိုသောဒေသတွင်းနှီးနှောဖလှယ်မှုပုံစံစသည်တို့နှင့်စပ်လျှဉ်းပြီးထင်မြင်ချက်များကိုမေးမြန်းမည်။ဤအင်တာဗျူးတွင်အဓိကမေးခွန်းအချို့ရှိသော်လည်းအထက်ပါခေါင်းစဉ်နှင့်ကိုက်ညီသောသင့်ထင်မြင်ချက်များကိုလွတ်လပ်စွာပြောဆိုနိုင်သည်။
အင်တာဗျူးမတိုင်မီနိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးဝန်ထမ်းသို့မေးခွန်းများကိုကြိုတင်ပို့ထားမည်ဖြစ်သောကြောင့်ကြိုစဉ်းစားထားနိုင်သဘ်။ထို့အပြင်မေးခွန်းစာရွက်၏အခြေခံအချက်အလက်(၁မှ၁၆)ကိုအင်တာဗျူးမတိုင်မီအထိဖြည့်ထားပြီးအင်တာဗျူးသို့ယူလာပါ။
အင်တာဗျူးသည်မိနစ်(၆၀)-(၉၀)ခန့်ကြာနိုင်သည်။အင်တာဗျူးနည်းမှာလူတွေ့သို့မဟုတ်ZOOM meetingမှရွေးချယ်နိုင်သည်။ပါဝင်ချိန်တွင်သဘောတူညီချက်မတိုင်မီသုတေသနပြုလုပ်သူနှင့်ဆင်သွယ်ရေးနည်းလမ်း(လူတွေ့လားzoomလား)ဆိုတာကိုပြောပါ။ဘာသာပြန်လိုမလိုလည်းပြောပါ ။

**ဆက်သွယ်ရေးနည်းလမ်း** :
ဤသုတေသနသို့ပါဝင်မည်ဆိုလျှင်သဘောတူညီချက်မတိုင်မီသုတေသနပြုလုပ်သူနှင့်အထက်ပါနည်းထဲမှသင့်တော်သောဆက်သွယ်နည်းကိုရွေးချယ်စေမည်။
A-လူတွေ့အင်တာဗျူးအင်တာဗျူးကိုသုတေသီဖြင့်လူချင်းတွေ့ပြီးနှုတ်ဖြင့်ဖြေဆိုရမည်)။
B-ZOOMဖြင့်သင်တာဗျူး အင်တာဗျူးကိုသုတေသီဖြင့်ZOOM(အင်တာနက်ဗီဒီယိုကော)ဖြင့်ပြုလုပ်နည်းဖြစ်သည်။

**အသံသွင်းခြင်** :
အင်တာဗျူးတွင်သင့်သဘောတူညီချက်ဖြင့်အသံသွင်းမည်။ရပ်နားလိုသည့်အခါအင်တာဗျူးအတွင်းမည်သည့်အချိန်မဆိုအကြောင်းပြချက်မရှိပဲရပ်နားရန်တောင်းဆိုနိုင်သည်။.အသံသွင်းခြင်းကိုသဘောတူသည့်အခါနောက်ပိုင်းနေ့တွင်အင်တာဗျူး၏မှတ်တမ်းကိုပြုပြင်နိုင်သည်။ဖြေဆိုသူသည်အသံသွင်းခြင်းကိုငြင်းဆိုနိုင်သော်လည်းထိုအခါသုတေသနပြုလုပ်သူသည်စာဖြင့်လိုက်မှတ်မည်။.

**ဘာသာပြန်၊စကားပြန်၊ကူညီသူ:**

အင်တာဗျူးကိုအင်္ဂလိပ်လိုရေးမှတ်ခြင်းမှာဂျပန်လူမျိုးသုတေသနပြုလုပ်သူကပြုလုပ်မည်။အခြားသောဘာသာပြန်စကားပြန်လိုအပ်သောအခါထိုစကားပြန်ကိုလည်းလျှို့ဝှက်ချက်ထိမ်းသိမ်းရေးစာရွက်တွင်လက်မှတ်ထိုးစေမည်။

**ပါဝင်မှုရပ်နားဆုတ်ခွါရန်အခွင့်အရေ :**

ဤအင်တာဗျူးသို့ပါဝင်ခြင်းမှာဆန္ဒအလျှောက်ဖြစ်သည်။အကယ်၍အင်တာဗျူးသို့ပါဝင်ခဲ့သော်လည်းအကြောင်းပြချက်မဖော်ပြပဲအကျိုးဆုတ်ယုတ်ခြင်းမရှိပဲပါဝင်မှုကိုရပ်နားနိုင်သည်။ပါဝင်သူသို့ဤသုတေသနအကြောင်းအကြောင်းကြားသောသူသို့မဟုတ်အဖွဲ့အစည်းမှလုံးဝအကျိုးယုတ်စေသောဆက်ဆံမှုမျိုးကိုမပြုပါ။.
ပါဝင်သူကမှတ်တမ်းကိုမစစ်ဆေးရန်ရွေးချယ်ပါက၊အင်တာဗျူးနောက်(၂)ပတ်အတွင်းဖြစ်ပါကပါဝင်ခြင်းရပ်နားနိုင်သည်။အကယ်၍အင်တာဗျူး,မှတ်တမ်းကိုပြန်စစ်ရန်ရွေးချယ်သောအခါ(၂)ပတ်အတွင်းဖြစ်ပါကပါဝင်ခြင်းနှင့်ဒေတာကိုဖျက်သိမ်းနိုင်သည်။ထို့အပြင်(၂)ပတ်အတံင်းမှတ်တမ်းကိုစစ်ဆေးခြင်း၊ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်။.

**အမည်ဝှက်နှင့်လျှို့ဝှက်ချက်ထိမ်းသိမ်းခြင်း :**

ဤသုတေသနသည်ပြင်ပသို့အချက်အလက်မပေါက်ကြားစေရန်ကိုအဓိကသတိထားပြီးပြုလုပ်မည်။သင့်ထံမှရရှိသောဒေတာ(အီးမေးလ်၊ဖုန်းနံပါတ်၊ZOOMလိပ်စာ၊LINEစသည်)တို့အပါအဝင်ဒေတာပါးလုံး(အသံသွင်းဒေတာ)ကိုလျှို့ဝှက်ထားပြီးသုတေသီမှလွဲ၍ကြည့်လို့မရပါ။.

နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးအလုပ်သမားသည်အင်တာဗျူးကိုအမည်ဝှက်ဖြင့်မပါဝင်နိုင်။တစ်နည်းအားဖြင့်သုတေသနပြုလုပ်သူကမည်သူကဖြေဆိုသည်ကိုသိမည်ဖြစ်သော်လည်းပါဝင်သူ၏အဖြေမှာလျှို့ဝှက်ထားမည်။ကိုယ်ရေးကိုယ်တာအချက်အလက်များကိုအောက်ပါရည်ရွယ်ချက်အတွက်သာအီးမေးလ်၊ဖုန်း၊LINE၊ZOOMဖြင့်ပါဝင်သူထံသို့အကြောင်းကြားရန်သာအသုံးပြုမည်။

1.မည်သည့်နည်းကအသင့်တော်ဆုံးဖြစ်သည်ကုံတိုင်ပင်စစ်ဆေးရန်။

2.လူတွေ့သို့မဟုတ်ZOOMအင်တာဗျူးအတွက်နေရာအချိန်တို့ကိုသတ်မှတ်ရန်။

3.အသံသွင်းခြင်းကိုသဘောတူပြီးအင်တာဗျူးမှတ်တမ်းကိုပြန်ပြင်ရန်ဆန္ဒရှိသောအခါ။

4.သုတေသနရလဒ်ကိုအကြောင်းကြားရန်။

5.ကျေးဇူးတင်ကြောင်းပေးပို့ရန်။

ပါဝင်သူ၏ဒေတာကိုအစီအရင်ခံစာ၊ဂျာနယ်ဆောင်းပါး၊နည်းဥပဒေအကြံပြုလွှာ၊ဆွေးနွေးပွဲ၊ဟောပြောပွဲများတွင်Presentationအဖြစ်၊တက္ကသိုလ်အတန်းတွင်စာဖြင့်အသုံးပြုမည်ဖြစ်သော်လည်းပါဝင်သူ၏အမည်၊အဖွဲ့အစည်းအမည်များကိုမထုတ်ဖော်ပါ။(အဖွဲ့အစည်း၏အမည်ထုတ်ဖော်မည်မဟုတ်ပဲ၊တစ်ဦးချင်းကိုလည်းအမည်ဝှက်သုံးမည်) ဒေတာအားလုံးကို Hashimoto Foundation သုတေသနဌာန၏သော့ခတ်ထားသောသေတ္တာ၊သို့မဟုတ် password ထားသောကွန်ပျူတာထဲတွင်ထားပြီး(၅)နှစ်ကြာသိမ်းထားပြီးနောက်စက်ဖြင့်ဖျက်စီးကာဖျောက်ဖျက်မည်။

**လျှို့ဝှက်အချက်အလက်ဖော်ပြခြင်း :**

ဤစစ်တမ်းတွင်အသုံးပြုသောဒေတာများကိုလျှို့ဝှက်မည်ဖြစ်ပြီးပြင်ပသို့ပေါက်ကြားစေခြင်းမရှိပါ။သို့သော်သုတေသီကပါဝင်သူအတွက်အရေးကြီးသောအန္တရာယ်ကိုတွေ့ရှိသောအခါပါဝင်သူနှင့်အဓိကသုတေသီတို့ဖြင့်ဆွေးနွေးပြီးသင့်တော်သောအဖွဲ့အစည်းသို့သတိပေးနိုင်ရန်အချက်အလက်ကိုသုံးနိုင်သည်။အချက်အလက်မပေါက်ကြားစေရပါဟူသောကတိမှာဤအခြေအနေတွင်ပျက်ပြားမည်။

**ပါဝင်သူ၏စိတ်ဖိစည်းမှုနှင့်စပ်လျဉ်း၍ :**

ပါဝင်သူသည်အတွေ့အကြုံကိုပြေပြောခြင်းဖြင့်အကယ်၍အဆင်မပြေမှုခံစားရပါကငှင်းကိုသုတေသီသို့အသိပေးပြီးအကူအညီလိုအပ်ပါကလိုအပ်ကြောင်းပြောပါ။အင်တာဗျူးရပ်နားမည်ဖြစ်ပြီးပါဝင်သူသဘောတူချက်ဖြင့်အောက်ပါဆွေးနွေးပေးသူကိုမိတ်ဆက်ပေးမည်။

"Mamoro Kokoro" - Ministry of Health, Labor and Welfare

https://www.mhlw.go.jp/mamorouyokoro/

List of consultation offices, etc.

https://www.mhlw.go.jp/stf/seisakunitsuite/bunya/koyo_roudou/soudanmadogutitou/itiran/index.html

**ကျေးဇူးတင်ကြေး :**
အင်တာဗျူးအဆုံးအထိပါဝင်ပေးသူများကိုကျေးဇူးတင်သည့်အနေဖြင့်ငွေသားယန်း၁၀၀၀သို့မဟုတ်ယန်း၁၀၀၀ဖိုးE-gift card ကိုပေးမည်။အင်တာဗျူးတွင်ပါဝင်ရန်ကုန်ကြသောစားစရိတ်၊လမ်းစရိတ်နှင့်အခြားများမပေးမည်ကိုနားလည်ပါ။

**သုတေသနရလဒ်နှင့်စပ်လျဉ်း၍ :**

ဤသုတေသနရလဒ်မိတ္တူကိုစစ်တမ်းအပြီးတွင်ကြည့်နိုင်သည်။ပါဝင်ပေးသူများသို့ဆန္ဒရှိပါကတွေ့ရှိချက်စုစည်းထားသောစာအုပ်ငယ်ကိုပေးပို့မည်။နားမလည်သည်များရှိပါကစိတ်ပေါ့ပါးစွာအကြောင်းကြားပါ။

အသေးစိတ်အကြောင်းကြားရန်နှင့်ဤသုတေသနအသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍

Name: Etsuko Sakairi

Affiliation: Hashimoto Foundation Societas Research Institute

လိပ်စာ။ ။ 〒700-0903 8-20 Sachi-cho, Kita-ku, Kita-ku, Okayama-shi, Okayama Aqua Terrace Sachicho 10F

TEL: 086-201-7157

E-mail: esakairi@hashimotozaidan.or.jp

ဤသုတေသနသည် Hashimoto Foundation သုတေသနဌာနကော်မတီအဖွဲ့မှအသိအမှတ်ပြုခြင်းခံထားသည်။ကျင့်ဝတ်ဆိုင်ရာစိတ်ပူပန်မှုများရှိပါကကော်မတီဖုန်းနံပါတ်086-201-7157သို့ဆက်သွယ်ပါ။

Email：info@hashimotozaidan.or.jp

ဤသုတေသနသည် Hashimoto Foundation သုတေသနဌာနကော်မတီ၏အတည်ပြုခြင်းခံရပြီး(၃-၈-၂၀၂၃)မှစ(၅)နှစ်တာသက်တမ်းဖြစ်သည်။ကြည့်ရှုရန်နံပါတ်2301